(၄) (13)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ညွှန်ကြားချက်အမှတ်၊ ၅/၂၀၁၆
နေပြည်တော်၊ ၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် (၁၁)ရက်
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂၅-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပသော အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှု ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန်ကြားချက် အမှတ် ၅/ ၂၀၁၆ ကိုထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် ငွေပေးချေနိုင်မှုအချိုး ၊ ငွေဖြစ်လွယ်မှု အချိုးနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ငွေပေးချေနိုင်မှုအချိုးသတ်မှတ်ခြင်း (Solvency Ratio)။ ငွေပေးချေနိုင်မှု အချိုး တွက်ချက်ပုံ ပြောင်းလဲမှုမရှိဘဲ အပ်ငွေလက်ခံသော အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန် ငွေပေးချေနိုင်မှုအချိုးအား ၁၂% ထက် မနည်း စေရန်အမြဲထိန်းသိမ်းထားရမည်။

$$\text{ငွေပေးချေနိုင်မှုအချိုး} = \frac{\text{စုစုပေါင်းပိုင်ဆိုင်မှု}}{\text{စုစုပေါင်းရပိုင်ခွင့်}} => ၁၂\%$$

$$\text{Solvency Ratio} = \frac{\text{Total Equity}}{\text{Total Asset}} => 12\ \%$$

(ခ) ငွေဖြစ်လွယ်မှုအချိုး(Liquidity Ratio)သတ်မှတ်ခြင်း။ အပ်ငွေလက်ခံသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရန် ငွေဖြစ်လွယ်မှု အချိုးအား ၂၅% ထက်မနည်းစေရန် အမြဲထိန်းသိမ်းထားရမည်။

$$\text{ငွေဖြစ်လွယ်မှုအချိုး} = \frac{\text{လက်ရှိငွေ+ဘဏ်ရှိငွေ}}{\text{စုစုပေါင်းဆန္ဒအလျောက်စုငွေ}} => ၂၅\%$$

$$\text{Liquidity Ratio} = \frac{\text{Cash in Hand} + \text{Cash in Bank}}{\text{Total Voluntary Saving}} => 25\%$$

(ဂ) ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ကြွေးဆုံးလျာထားသတ်မှတ်ခြင်း။ ချေးငွေကာလအားထည့်သွင်းစဉ်းစားခြင်းမပြုဘဲအသင်းသားများသို့ထုတ်ချေးသော ချေးငွေအားလုံးအတွက် ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ကြွေးဆုံးလျာထားမှုအား အောက်ပါအတိုင်းသတ်မှတ်လိုက်သည်-

| ပေးချေရက်နောက်ကျမှု (Days Past Due) | | ကြွေးဆုံးလျာထားမှု |
|---|---|---|
| (က) | သာမန်ချေးငွေ (Current)<br>ပုံမှန်ပေးချေသောချေးငွေ | ၁% |
| (ခ) | သာမန်အောက်ချေးငွေ (Sub-Standard)<br>ပေးချေရန် (၃၀) ရက်နောက်ကျသောချေးငွေ | ၁၀% |
| (ဂ) | စောင့်ကြည့်အဆင့်ချေးငွေ (Watch)<br>ပေးချေရန်ရက် (၃၁) ရက်မှ (၆၀) ရက်အတွင်းနောက်ကျသောချေးငွေ | ၅၀% |
| (ဃ) | သံသယဖြစ်ဖွယ်ချေးငွေ (Doubtful)<br>ပေးချေရန်ရက် (၆၁) ရက်မှ (၉၀) ရက်အတွင်းနောက်ကျ သောချေးငွေ | ၇၅% |
| (င) | ဆုံးရှုံးချေးငွေ (Loss)<br>ပေးချေရန်ရက် (၉၁) ရက်ထက်ကျော်လွန်သောချေးငွေ | ၁၀၀% |
| (စ) | ချေးငွေပြန်လည်ပေးဆပ်ရက် (၁) ကြိမ်ပြင်ဆင်မှု | ၅၀% |
| (ဆ) | ချေးငွေပြန်လည်ပေးဆပ်ရက် (၂) ကြိမ်ပြင်ဆင်မှု | ၁၀၀% |

၃။ အထက်ပါ အချက်များနှင့်စပ်လျဉ်း၍ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ယခင်ညွှန်ကြားချက်များကို ဤညွှန်ကြားချက်ဖြင့် ကျော်လွန် လွှမ်းမိုးလိုက်သည်။

ကျော်ဝင်း
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက- ၁/ ၆ (၀၅၆/၂၀၁၆)
ရက်စွဲ ၊ ၂၀၁၆ ခုနှစ် ဩဂုတ် လ (၂၉) ရက်

ဖြန့်ဝေခြင်း
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး
အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ပြည်နယ်တာဝန်ခံများအားလုံး၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

အမိန့်အရ

29.8.16
(ဒေါက်တာစန္ဒာဦး)
အတွင်းရေးမှူး
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ